# ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ။*

[၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅။]
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ရေနံဓါတ်ပင်ရင်း အခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "ရေနံဓါတ်လုပ်ကိုင်ခွင့်" ဆိုသည့် စကားရပ်တွင်၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပေးသည့် ရေနံစူးစမ်းခွင့် လိုင်စင်သော်လည်းကောင်း၊ ရေနံဓါတ်ရှာဖွေခွင့် လိုင်စင်သော်လည်းကောင်း၊ ရေနံဓါတ်တူးဖော်ခွင့် အငှါး ပဋ္ဌာသော်လည်းကောင်း ပါဝင်သည်။

(ခ) "ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသူ၊ သို့တည်းမဟုတ် ရေနံဓါတ်လုပ်ကိုင်ခွင့်ကို တစ်ဆင့် ဆက်ခံရရှိသူကို ဆိုလိုသည်။

(ဂ) "ပြည်ပိုင်ပင်လယ်အလွန် မြေထုနှင့်တစ်ဆက်တည်း ရေအောက်မြေပြင်" ဆိုသည်မှာ ပင်လယ်ကမ်းခြေနှင့်ဆက်စပ်လျက်ရှိသော်လည်း၊ ပြည်ပိုင်ပင်လယ်ပြင်ပကျသည့် ပင်လယ်အောက်မြေပြင်၊ အလုံပေါင်းတစ်ရာခန့်နှင့်ညီမျှသည့် မီတာနှစ်ရာနက် ရေထုအတွင်း၊ သို့တည်းမဟုတ် မီတာနှစ်ရာထက် ပို၍ နက်သည့် ရေထုအတွင်းရှိ ရေအောက်သဘာဝ ပင်ရင်းအခြေအမြစ်များကို အကျိုးဖြစ်ထွန်းအောင် ပြုလုပ်ထုတ်ယူနိုင်ရာ ပင်လယ်အောက်မြေခံ နှင့် မြေဆီအောက်ခံလွှာကို ဆိုလိုသည်။

(ဃ) "ရေနံဓါတ်စူးစမ်းခွင့်လိုင်စင်" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေနံဓါတ်ထွက်ရန် လက္ခဏာရှိသည်သာမက၊ ရောင်းဝယ်ဖောက်ကား

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်၊ စာမျက်နှာ- ၃၀၈၆။

နိုင်လောက်အောင် အမြောက်အများစုဝေးရန် အကြောင်းရှိသည့် ကျောက်ထပ်ကျောက်လွှာအနေအထားကို ဘူမိဗေဒနည်းစံနစ်အားဖြင့်သော်လည်းကောင်း၊ ဘူမိရူပဗေဒ နည်းစံနစ်အားဖြင့်သော်လည်းကောင်း၊ လိုက်လံရှာဖွေရန် အခွင့်အရေးအပ်နှင်းသည့် လိုင်စင် ကို ဆိုလိုသည်။ အဆိုပါ ဘူမိဗေဒနည်းစံနစ်၊ သို့တည်းမဟုတ် ဘူမိရူပဗေဒ နည်းစံနစ်အရ၊ လိုက်လံ ရှာဖွေရာ၌၊ မြောင်းတူးခြင်း၊ တွင်းတူးခြင်း၊ ဘူမိဗေဒ ဗဟုသုတရရှိရန် လွန်တွင်းတူးခြင်း ပါဝင်သည်။ သို့သော်လည်း ရေနံမြေ ရှိ မရှိ စမ်းသပ်ရန် လွန်တွင်းတူးခြင်းမပါစေရ။

(င) "ရေနံမြေတူးဖော်ခွင့်အငှါးပတ္တာ" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေနံမြေတူးဖော်၊ တူးဖေါက်၊ တူးဆွ၊ စက်လွန်နှင့်တူးဖေါက်၊ လိုက်လံရှာဖွေ၊ ရယူ၊ လုပ်ကိုင်၊ ထုတ်ယူပြီးလျှင်၊ အဆိုပါရေနံမြေကိုသော်လည်းကောင်း၊ ရေနံမြေမှချက်ပြီး ပစ္စည်းများကိုသော်လည်းကောင်း၊ သယ်ယူနိုင်ခွင့် အပ်နှင်းသည့်အငှါးပတ္တာကို ဆိုလိုသည်။

(စ) "ရေနံမြေ" ဆိုသည်မှာ၊ ကျောက်ထပ်ကျောက်လွှာတွင် သဘာဝအခြေအနေအလျောက် ရှိသည့်တွင်းထွက်ဆီ၊ ရေနံမြေငွေ့မှစ၍ မျိုးတူဖြစ်ရာ ဟိုင်ဒရိုကာဘွန်မြေပေါင်းပါဝင်သည်။ သို့သော်လည်း တွင်းထွက် ကျောက်မီးသွေး "ဖွတ်ချေးဆီကျောက်" ခေါ် ဆီထွက်သည့်အလွှာ အလွှာရှိ ရွှံ့ကျောက်၊ သို့တည်းမဟုတ် တွင်းထွက်ဆီထုတ်ယူနိုင်သည့် အခြားအထပ်အထပ်ရှိ ကျောက်အခဲအနှစ်မပါစေရ။

(ဆ) "နိုင်ငံတော်သမ္မတ" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတကို ဆိုလိုသည်။

(ဇ) "ရေနံမြေရှာဖွေခွင့်လိုင်စင်" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရောင်းဝယ်ဖေါက်ကား နိုင်လောက်အောင် ရေနံမြေအမြောက်အမြားစုဝေးရန်အကြောင်းရှိသည့် ကျောက်ထပ်ကျောက်လွှာအနေအထား ရှိ မရှိ သိသာရန် လိုအပ်သည့် လုပ်ကိုင်ဆောင်ရွက်မှုပြုနိုင်ရန် အပ်နှင်းသည့် လိုင်စင်ကို ဆိုလိုသည်။ ဘူမိဗေဒနည်းစံနစ်အားဖြင့်သော်လည်းကောင်း၊ ဘူမိရူပဗေဒ နည်းစံနစ်အားဖြင့်သော်လည်းကောင်း၊ စီစစ်စုံစမ်းမှု၊ ကျောက်ထပ်ကျောက်လွှာအနေအထား၏ ပုံသဏ္ဍာန်ကို သိရှိနိုင်ရန် အစမ်းအဖြစ် လွန်တွင်းတူးမှုနှင့် တွေ့ရှိသည့် ဆီထွက်ရန် လက္ခဏာရှိသော ကျောက်ထပ်ကျောက်လွှာမှာ မည်ရွေ့မည်မျှ ကျယ်ဝန်းသည်ကို သိရှိရလေအောင် လိုအပ်သရွေ့ လွန်တွင်းများ တူးဖေါက်မှုများလည်း ပါဝင်သည်။

(ဈ) " ပြည်ထောင်စု" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဆိုလိုသည်။

၃။ ။ ပြည်ထောင်စုအတွင်း အောက်ပါမည်သည့် အရပ်ဒေသတွင်မဆို ရှိသော သဘာဝအတိုင်းရှိသည့် ရေနံဓါတ်ပင်ရင်းအခြေအမြစ်များမှာ ပြည်ထောင်စုပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

(က) မြေပေါ်၊ မြေတွင်း၊ သို့တည်းမဟုတ် မြေအောက်။

(ခ) ရေအောက်။

(ဂ) ပြည်ထောင်စုဆိုင်ရာပြည်ပိုင်ပင်လယ်တွင်းရှိ မြုပ်နေသည့်မြေ။

(ဃ) ပြည်ပိုင်ပင်လယ်အလွန်မြေထုနှင့်တစ်ဆက်တည်း ရေအောက်မြေပြင်။

(င) ပြည်ထောင်စုပိုင်ကျွန်းနှင့် တစ်ဆက်တည်းရေအောက်မြေပြင်။

ခြွင်းချက်။ ။ သို့ရာတွင် ဤပုဒ်မသည် ရေနံဓါတ်နှင့်စပ်ဆိုင်သော တည်ဆဲအပိုင် ပတ္တာတစ်ခုခုအရအပ်နှင်းထားသည့် အခွင့်အရေးများကို မထိခိုက်စေရ။

၄။ ။ (၁) ဤအက်ဥပဒေအရထုတ်ပေးသည့် ရေနံဓါတ်လုပ်ကိုင်ခွင့်အရနှင့် ၎င်းရေနံဓါတ်လုပ်ကိုင်ခွင့်ပါ စည်းကမ်းချက်နှင့်အညီမှတစ်ပါး မည်သူမျှရေနံဓါတ် စူးစမ်းခြင်း၊ ရှာဖွေခြင်း၊ သို့တည်းမဟုတ် အကျိုးဖွံ့ဖြိုးအောင် ပြုလုပ်ထုတ်ယူခြင်း မပြုစေရ။

ရှင်းလင်းချက်။ ။ ဤပုဒ်မပါ ကိစ္စအလို့ငှါ အခြားတည်ဆဲ တရားဥပဒေအရ ထုတ်ပေးထားသည့် အတည်ဖြစ်လျက်ရှိသော ရေနံဓါတ်လုပ်ကိုင်ခွင့်မှာ ဤအက်ဥပဒေအရ ထုတ်ပေးသည့် လုပ်ကိုင်ခွင့်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) မည်သူမဆို ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ ရာဇဝတ်တရားသူကြီးစစ်ဆေးပြီး ပြစ်မှုထင်ရှားသော် ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည့်ပြင်၊ ရေနံဓါတ်စူးစမ်းခြင်း၊ ရှာဖွေခြင်း၊ သို့တည်းမဟုတ် အကျိုးဖွံ့ဖြိုးအောင် ပြုလုပ်ထုတ်ယူခြင်းအတွက် အသုံးပြုသည့် စက်ကိရိယာတန်ဆာပလာ ဝတ္ထုပစ္စည်းနှင့် အဆောက်အဦ များကို ဘဏ္ဍာတော်အဖြစ် သိမ်းယူရန်လည်း စီရင်ခြင်းခံစေရမည်။

၅။ ။ ဤအက်ဥပဒေအရ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရရှိသူတစ်ဦးဦး၏ လုပ်ကိုင်ဆောင်ရွက်မှုများမှာ ရေနံဓါတ်၊ သို့တည်းမဟုတ် အခြားသတ္တုများနှင့်စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်၌ အတည်ဖြစ်လျက်ရှိသော အခွင့်အရေးများရှိလျှင်၊ ထိုအခွင့်အရေးများနှင့်မဆန့်ကျင်စေရ။

၆။ ။ ရေနံဓါတ်လုပ်ကိုင်ခွင့်တွင် အတိအလင်းအပ်နှင်းထားသည့် အခွင့်အရေးများကို အထောက်အထားပြု၍၊ နိုင်ငံတော်သမ္မတ မှာ၊ ရေနံဓါတ်လုပ်ကိုင်ခွင့်ရသည့်မြေကို လုပ်ကိုင်ခွင့်ပေးအပ်သည့် ကိစ္စအတွက်မှတစ်ပါး၊ အခြားမည်သည့်ကိစ္စအတွက်မဆိုအသုံးပြုရန်၊ သို့တည်းမဟုတ် အသုံးပြုခွင့်ပေးရန် အာဏာရှိစေရမည်။

"[၆-က။ ပြည်သူ့ရေနံလုပ်ငန်းသည် ရေနံဓါတ်စူးစမ်းမှု ( Exploration) သို့မဟုတ် ရှာဖွေမှု (Prospecting)၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှု (Mining) ပြုလုပ်ရာ၌ အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် တရားဥပဒေများပါ လိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ သို့ရာတွင် ထိုတရားဥပဒေများတွင် ပါရှိသည့် အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖေါ်ထုတ်လုပ်မှုဆိုင်ရာ စနစ်တကျ လုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းသတ်မှတ်ချက်များ၊ ဘေးအန္တရာယ် ကာကွယ်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။][၁]

၇။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေနှင့် သဘောကိုက်ညီသော နည်းဥပဒေများပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိစေရမည်။

(၂) အထူးသဖြင့်ဆိုသော် အထက်ပါအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါနည်းဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ရေနံစူးစမ်းခြင်း၊ ရှာဖွေခြင်း၊ တိုးတက်ဖြစ်ထွန်းအောင်ပြုလုပ်ခြင်း၊ အကျိုးဖွံ့ဖြိုးအောင်ပြုလုပ်ထုတ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း၊ ရေနံဓါတ်ကို ချွတ်ခြင်း၊ ရေနံလုပ်ကိုင်ခွင့်ထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ထိုကိစ္စများနှင့် စပ်ဆိုင်သည့် အကြောင်းအရာတစ်ခုခုကိုသော်လည်းကောင်း၊ ထိုကိစ္စများမှ ပေါ်ပေါက်လာသည့် အခြားကိစ္စတစ်ခုခုကိုသော်လည်းကောင်း၊ စည်းမျဉ်းသတ်မှတ်ခြင်း။

(ခ) အခွန်အခများနှင့် အခြားကောက်ခံနိုင်သည့် ကြေးငွေများစည်းကြပ်မှု၊ ကောက်ခံမှုနှင့်အရတောင်းခံမှုကို စည်းမျဉ်းသတ်မှတ်ခြင်း။

---

၁။ ၁၉၆၉ ခုနှစ်၊ ရေနံဓါတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၉ ခုနှစ် တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၂၁ ၀-၇-၆၉) ဖြင့် ဖြည့်စွက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်၊ စာမျက်နှာ -၅၇၆။)

(ဂ) ရေနံမြေတွင်းလုပ်ကိုင်ခွင့် ရရှိသူများက လိုက်နာရမည့်စည်းကမ်းချက်များနှင့် ရေနံ မြေတွင်းလုပ်ကိုင်ခွင့်များကို ပေးရာတွင် လိုက်နာရမည့်နည်းလမ်းများကို သတ်မှတ် ခြင်း။

(၃) ဤအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေတစ်ခုခုကို ကျူးလွန်ဖေါက်ဖျက်သူ သည်၊ ထိုကျူးလွန်ဖေါက်ဖျက်ခြင်းကြောင့် ရေနံမြေတွင်းလုပ်ကိုင်ခွင့်ပေးရာ၌ သတ်မှတ်သည့် တာဝန်ကိုခံရမည့် ပြင်၊ ထိုသူအား ရာဇဝတ်တရားသူကြီး စစ်ဆေးပြီး ပြစ်မှုထင်ရှားသော်၊ တစ်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်ဟု နိုင်ငံတော်သမ္မတက ပြုလုပ်သော နည်းဥပဒေများတွင် ပြဋ္ဌာန်းနိုင်သည်။

၈။ ။ နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေအရ ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ၊ မိမိသုံးစွဲနိုင်သည့် အာဏာတစ်ခုခုကို ထိုအမိန့် ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့်အရာရှိ သို့တည်းမဟုတ် အာဏာပိုင်တစ်ဦးဦးက သီးခြား ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ထိုအာဏာကို သုံးစွဲဆောင်ရွက်ရမည်ဟု ညွှန်ကြားနိုင် သည်။

၉။ ။ (၁) ရေနံမြေတွင်းလုပ်ကိုင်ခွင့်အရပေးအပ်သည့် နယ်မြေတွင်သော်လည်းကောင်း၊ စွန့်လွှတ်ထားသော ရေနံမြေတွင်း လုပ်ကိုင်ခွင့်အရပေးအပ်ခဲ့သည့် နယ်မြေတွင်သော်လည်းကောင်း၊ လုပ်ကိုင်သည့် လောလောဆယ်အခြေအနေ၊ နောင်အခြေအနေကို စုံစမ်းရန်ကိစ္စအတွက်၊ သို့တည်း မဟုတ် ဤအက်ဥပဒေတွင် ဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများတွင်ဖြစ်စေ၊ ဖော်ပြထားသည့် အခြားကိစ္စအတွက် နိုင်ငံတော်သမ္မတက အခွင့်အာဏာအပ်နှင်းထားသော အရာရှိ တစ်ဦးဦးသည် —

(က) ရေနံမြေတွင်းလုပ်ကိုင်ခွင့်အရ ပေးအပ်သည့်နယ်မြေတွင် ဝင်ရောက်ကြည့်ရှု စစ်ဆေးရန်၊

(ခ) ဆိုခဲ့သောနယ်မြေကို စီမံထိန်းသိမ်းအုပ်ချုပ်သူ၊ သို့တည်းမဟုတ် ၎င်းနယ်မြေတွင် ရေနံမြေတွင်းလုပ်ငန်းဆောင်တာနှင့်စပ်ဆိုင်သူ တစ်ဦး တစ်ယောက်၏ လက်တွင်းရှိ သို့တည်းမဟုတ် ထိုသူ စီမံခန့်ခွဲနိုင်သည့် စာတမ်းအမှတ်အသား၊ စာအုပ်၊ မှတ်ပုံတင်စာအုပ်၊ သို့တည်းမဟုတ် ရေးမှတ်ချက်များကို ထုတ်ဖော်တင်ပြစေဟု အမိန့်ဆင့်ဆိုရန်၊ သို့တည်းမဟုတ်

(ဂ) ဆိုခဲ့သောနယ်မြေကို ထိန်းသိမ်းအုပ်ချုပ်သူ၊ သို့တည်းမဟုတ် ၎င်းနယ်မြေတွင် ရေနံမြေလုပ်ငန်းဆောင်တာနှင့် စပ်ဆိုင်သူ တစ်ဦးတစ်ယောက်အား နှုတ်ဖြင့် မေးမြန်းစုံစမ်းစစ်ဆေးရန် အခွင့်အရေးရှိစေရမည်။

(၂) နိုင်ငံတော်သမ္မတက၊ ပုဒ်မခွဲ (၁) အရ အာဏာအပ်နှင်းထားသော အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တစ်ဦးဦးမှာ၊ ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ၊ ရိုးသားသောသဘောဖြင့် ပြုလုပ်သည့်အတွက်သော်လည်းကောင်း၊ ပြုလုပ်ရန်ကြံရွယ်၍ ဆောင်ရွက်သည့်အတွက်သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးအား ရာဇဝတ်မှုစွဲဆိုခြင်း၊ တရားမမှုစွဲဆိုခြင်း၊ အခြားအမှုအခင်းပြုလုပ်ခြင်း မရှိစေရ။

၁၁။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေအရဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးက ရိုးသားသောသဘောဖြင့် အရေးယူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်သည့် မည်သည့်ဆုံးရှုံးနစ်နာမှုအတွက်မျှ နိုင်ငံတော်သမ္မတ၌ တာဝန်မရှိစေရ။

၁၂။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှာ၊ အခြားတည်ဆဲတရားဥပဒေ မည်သည့်နှင့်မဆို ဆန့်ကျင်ကွဲလွဲရှိသော်ငြားလည်း အတည်ဖြစ်စေရမည်။ သို့ရာတွင် ဆိုခဲ့သည့်အတိုင်းမှတစ်ပါး၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ရေနံမြေနှင့် စပ်ဆိုင်သည့် အခြားတည်ဆဲတရားဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဖြည့်စွက်ခြင်းသာ ဖြစ်ရမည်၊ ယုတ်လျော့စေခြင်း မဖြစ်စေရ။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အမိန့်အရ
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။